ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 April 2022 ၁၀၇၀၀

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေ

## နိုင်ငံတော်နှင့် ပြည်သူ၏မျက်နှာကိုကြည့်ကာ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများအား အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ရှိ သုံးထပ်စာသင်ဆောင်၌ ခြေလျင်တပ်ရင်းမှူး၊ ခြေလျင်တပ်ခွဲမှူး၊ ခြေလျင်တပ်စုမှူးသင်တန်းသားများအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သင်ခန်းစာများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် သင်ခန်းစာ ပို့ချသင်ကြားနေမှုအပါအဝင် အခြားသင်ခန်းစာများ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုများ၊ သင်တန်းခန်းမဆောင်များ၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြခန်း စသည်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင် ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)တို့မှ ကျောင်းအုပ်ကြီးများက သင်တန်းကျောင်းလေ့ကျင့်သင်ကြားပို့ချမှုဆိုင်ရာကိစ္စရပ်များနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များမေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့** *ဖတ်စရာ*

**(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်** စာမျက်နှာ » ၂

**ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ** စာမျက်နှာ » ၆




**အခန်းဆက်ဝတ္ထုရှည်** စာမျက်နှာ » ၉

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း** စာမျက်နှာ » ၁၃

**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ » ၁၅

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း** စာမျက်နှာ » ၁၇

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကို သတိမူကြိုတင်ပြင်ဆင်ကာကွယ်

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နှစ်စဉ် တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့လျက်ရှိသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်ကို သိကြပြီးဖြစ်သည်။ ယမန်နေ့ကလည်း မထင်မှတ်ဘဲ မိုးသက်လေပြင်းတိုက်ခတ်မှုကို ကြုံတွေ့ခဲ့ရသေးသည်။

ယခုအချိန်အခါတွင် ပြည်သူများကြား၌ ကောလာဟလအမျိုးမျိုး ပေါ်ထွက်လေ့ရှိရာ သဘာဝဘေးနှင့်ပတ်သက်သည့် ကောလာဟလသတင်းမှားများကို မယုံစားဘဲ မိုးလေဝသနှင့်ဇလဗေဒဌာနမှ တရားဝင်ထုတ်ပြန်သောသတင်းများကိုသာ သိရှိမှတ်သား လုပ်ကိုင်ဆောင်ရွက်ကြရန် အသိပေးလိုပါသည်။ သဘာဝဘေးအမျိုးမျိုးတို့တွင် ကြိုတင်ခန့်မှန်းနိုင်သော အမျိုးအစားများရှိသလို မခန့်မှန်းနိုင်သော သဘောမျိုးလည်းရှိတတ်သည်ကို သတိမူရမည်ဖြစ်သည်။ မည်သို့ပင်ရှိသည်ဖြစ်စေ မိုးလေဝသသတင်းများနှင့် သဘာဝပတ်ဝန်းကျင်ကို သတိပြုအလေးထားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ် မတ်လအတွင်းဖြစ်ပွားခဲ့သည့် မုန်တိုင်းငယ်သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော် မုန်တိုင်းရာဇဝင်သမိုင်း၌ တစ်မူထူးခြားသောမုန်တိုင်းငယ်ဖြစ်သည်ဟု ဆိုပါသည်။ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပွားလေ့မရှိသော သဘောသဘာဝနှင့် မုန်တိုင်းအဖြစ်နည်းသော ဧရိယာဖြစ်သည့် ကပ္ပလီပင်လယ်ပြင်တွင် အစပျိုးဖြစ်ပွားခဲ့ခြင်းသည် ထူးခြားမှုဟုဆိုပါသည်။ မုန်တိုင်းစတင်အစပျိုးချိန်တွင် ကပ္ပလီပင်လယ်ပြင်၌ မတ်လ ပျမ်းမျှအပူချိန်ထက် ပိုပူနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မတ်လ ပျမ်းမျှအပူချိန်အောက် လျော့နည်းနေသဖြင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုန်တိုင်းဖြစ်ပေါ်နိုင်သည့် အခြေအနေပိုများခဲ့ပါသည်။ ယခုနှစ် မတ်လနှင့် ဧပြီလတွင် ပင်လယ်ရေပြင်၊ မြေပြင်တို့တွင် အပူချိန်ပိုများနေသည်မှာ မုန်တိုင်းဖြစ်ပေါ်လာနိုင်သည့်အခြေအနေများဖြစ်သည်။

ထို့ကြောင့် ယခုရာသီကာလများတွင် မုန်တိုင်းဖြစ်ပေါ်လာနိုင်မှုနှင့် မုန်တိုင်းမဖြစ်လျှင်လည်း မိုးသက်လေပြင်းတိုက်ခတ်မှုများနှင့် ကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မုန်တိုင်းအန္တရာယ်ကျရောက်လာမည်ဆိုပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် အလွန်အရေးပါလှပါသည်။ အများပြည်သူတို့အနေဖြင့် ယခုကာလများတွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းအမျိုးမျိုးဖြစ်ပေါ်လာနိုင်သဖြင့် အထူးသတိထားရမည်ဖြစ်သည်။ မုန်တိုင်းဖြစ်ပေါ်သည်နှင့် မုန်တိုင်းအခြေအနေသတင်းများကို နိုင်ငံပိုင်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မိုးလေဝသနှင့်ဇလဗေဒဌာနမှ အသိပေးထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်ဂရုစိုက်နားထောင်မှတ်သားရန် လိုအပ်ပါသည်။ အခြားတရားမဝင်ထုတ်ပြန်သောမုန်တိုင်းသတင်းများကို မယုံကြည်ရန်၊ သတင်းစကားမပါးကြရန် လိုအပ်ပါသည်။

မိမိဒေသတွင် မုန်တိုင်းဒဏ်ခံနိုင်သောနေရာ၊ အဆောက်အအုံများကို ကြိုတင်ရွေးချယ်ထားဖို့လိုပါသည်။ မုန်တိုင်းကျရောက်တော့မည်ဆိုပါက လိုအပ်သော သောက်သုံးရေ၊ အစားအစာ၊ အဝတ်အထည်စသည့်ပစ္စည်းများကို ကြိုတင်ပို့ဆောင်စုဆောင်းထားရန်လိုပါသည်။ မုန်တိုင်းဗဟိုချက်မှ ဖြတ်သန်းသွားပြီးနောက် နာရီဝက်အတွင်း ပိုမိုပြင်းထန်သော လေတိုက်ခတ်တတ်သည်ကို သတိပြုဖို့လိုပါသည်။ ယခုအခါ ရာသီဥတုပြောင်းလဲလာမှုကြောင့် အချို့သော မုန်တိုင်းကြီးများသည် ရာစုနှစ်တစ်ခုအတွင်း ထူးထူးခြားခြား ဖြစ်ပေါ်လာတတ်သည်ကို သတိပြုဖို့လိုပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် နေထိုင်ရာဒေသများတွင် မိမိတို့ဘဝသက်တမ်းတစ်လျှောက်၌ ကြီးမားသောမုန်တိုင်းအန္တရာယ်ကို မကြုံတွေ့ခဲ့ဖူး၍ မုန်တိုင်းကို သတိမမူ ပေါ့ပေါ့ဆဆမနေထိုင်ကြဘဲ သက်ဆိုင်ရာမှ သတိပေးချက်များကို အလေးထားဖို့လိုပါသည်။

မုန်တိုင်းတစ်ခု၏ အဖျက်စွမ်းအားအကြီးမားဆုံးအပိုင်းသည် မုန်တိုင်းဦးတည်ရာသို့ မျက်နှာမူပါက မုန်တိုင်းဗဟိုချက်၏ လက်ယာဘက်ဖြစ်ရာ မုန်တိုင်းဒီရေသည်လည်း ဗဟိုချက်၏ လက်ယာဘက်မှသာ ဖြစ်ပေါ်လေ့ရှိသည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် လပြည့်လကွယ် ရေထရက်များတွင် မုန်တိုင်းဝင်ရောက်ပါက မုန်တိုင်းဒီရေအမြင့်ဆုံးဖြစ်တတ်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ မုန်တိုင်းဝင်ရောက်သည့်ဒေသသည် ရေတိမ်ဒေသ၊ ပင်လယ်အော်အဝဘက်၊ ရေထချိန်၊ လူနေထူထပ်မှု၊ ကမ်းရိုးတန်းကို ထောင့်မှန်ကျဝင်ရောက်မှု၊ မြစ်လက်တက်များသည့်ဒေသ စသည့်အချက်များနှင့်ကိုက်ညီလျှင် အသေအပျောက်၊ အပျက်အစီး ပိုမိုများပြားနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုရောက်ရှိနေသည့် ဧပြီ၊ မေလများသည် မြန်မာနိုင်ငံအတွက် မုန်တိုင်းရာသီဖြစ်ပေါ်နေသဖြင့် မုန်တိုင်းကျရောက်ရာလမ်းကြောင်း၊ ကမ်းရိုးတန်းဒေသများ၊ မြစ်ချောင်းမြစ်လက်တက်ဒေသများ၌ နေထိုင်ကြသော ပြည်သူများအနေဖြင့် မုန်တိုင်းသတင်းအချက်အလက်များကို ရေဒီယိုဖြင့် အမြဲနားထောင်မှတ်သား၍ ကြိုတင်ပြင်ဆင် ကာကွယ်ထားခြင်းသည် ဘေးထိခိုက်မှုအနည်းဆုံးဖြစ်နိုင်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(ပညာရေး) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်း ကို လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) ဒေါက်တာသီတာစန်း ကို ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၅**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များနှင့် လိုင်စင်ရယူ၍ ကျောက်မျက်အချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့် ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ် (နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကိုကိုဇော် (ကလေး၀)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၃၀၅ | ၂,၄၄၀,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃,၁၀၉ | ၈,၂၆၆,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၀ | ၇၉,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၁၄ | ၂,၀၅၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၅၁ | ၃၉၂,၆၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၂၆ | ၁၂၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၁.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၀.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၃၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၉.၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၅၅၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၂.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၆၅.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၆.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ ခြေလျင်တပ်ရင်းမှူး၊ ခြေလျင်တပ်ခွဲမှူး၊ ခြေလျင်တပ်စုမှူးသင်တန်းသားများ သင်ခန်းစာသင်ယူနေမှုအား ကြည့်ရှုအားပေးစဉ်။

✪ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းသားအရာရှိများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သစ္စာ(၄)ချက်ကို နေ့စဉ်သစ္စာပြု၍ ၂၄ နာရီတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားဖြစ်သည်ကို မမေ့မလျော့ သတိပြုရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏သစ္စာကို စောင့်သိရန်နှင့် အသက်ခန္ဓာကို စွန့်လွှတ်ရန် သစ္စာဆိုထားသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ဦးလည်မသုန် ထမ်းရွက်နေမှုအပေါ် ဂုဏ်ယူနေရန်လိုကြောင်း၊ တပ်မတော်သို့ စတင်ဝင်ရောက်ပြီး နိုင်ငံတော်အလံအား လက်နှင့်ထိ၍ ကတိသစ္စာပြုခဲ့ချိန်မှစတင်ကာ ၂၄ နာရီ အချိန်ပြည့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိခဲ့ကြပြီး မိမိနှင့် မိမိတို့၏ မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေးမှစ၍ ခံစားနေရမှုသည် နိုင်ငံတော်နှင့် တပ်မတော်မှ ထောက်ပံ့မှုများဖြစ်ကြောင်း၊ ထိုထောက်ပံ့ငွေများသည်လည်း မိမိတို့အပါအဝင် ပြည်သူများမှ သတ်မှတ်ထည့်ဝင်ကြရသည့်အခွန်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြန်လည်ချီးမြှင့်ထောက်ပံ့ခြင်းဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူအပေါ် ကျေးဇူးသစ္စာ စောင့်သိရန်လိုကြောင်း။

တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်တို့နှင့်အညီ ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်အား တိမ်းစောင်းမှုမရှိစေရေး နိုင်ငံတော်၏တာဝန်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေရသဖြင့် ခက်ခဲပင်ပန်းမှုများရှိနိုင်၍ နိုင်ငံတော်နှင့် ပြည်သူ၏မျက်နှာကို ကြည့်ကာ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း၊ ထိုသို့ နိုင်ငံ့အရေးများကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရာတွင် သင်ကြားလေ့ကျင့်ပေးသည့် သင်ခန်းစာများကို Professional ကျကျ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူရန်လိုကြောင်း၊ သို့မှသာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးကဏ္ဍသည် ကျယ်ပြန့်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်မှစ၍ အချုပ်အခြာအာဏာအထိ သက်ဆိုင်၍ ပေ့ါပေ့ါဆဆ မလုပ်ရန်လိုကြောင်း၊ ထိုသို့ ကြီးလေးသော လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် အပတ်စဉ် ကျန်းမာရေး၊ အသိပညာပေးမှုများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း တာဝန်ကိုယ်စီ ထမ်းဆောင်နေကြရသည့် တပ်မတော်သားများ စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရန် တပ်မတော်သား မိသားစုဝင်များ၏အုပ်ချုပ်မှု၊ သက်သာချောင်ချိမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံလုံလောက်စေရန် ကိုယ်ဖိရင်ဖိ ကြပ်မတ်ဖြည့်ဆည်းပေးနေရန်လိုကြောင်း၊ အထက်အောက် အပြန်အလှန် မေတ္တာစိတ်၊ သံယောဇဉ်တရားတို့ဖြင့် နားလည်ယုံကြည်မှုရှိအောင် စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့ဖြစ်၍ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ပါက သင်ကြားပို့ချလိုက်သည့် စစ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ပြီး အုပ်ချုပ်မှုကောင်းမွန်သော ခေါင်းဆောင်များအဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းသားများနှင့် နည်းပြအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူစဉ်။

ပေးအပ်သော မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာ ထမ်းဆောင်ကြရန် ပြောကြားသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သင်တန်းသားများနှင့် နည်းပြအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ အလားတူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား ဒုတိယကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ ခြေလျင်တပ်ရင်းမှူး သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

- **တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်တို့နှင့်အညီ ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်အား တိမ်းစောင်းမှုမရှိစေရေး နိုင်ငံတော်၏ တာဝန်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိ**
- **နိုင်ငံ့အရေးများကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရာတွင် သင်ကြားလေ့ကျင့်ပေးသည့် သင်ခန်းစာများကို Professional ကျကျ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူရန်လိုကြောင်း၊ သို့မှသာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်မည်**
- **နိုင်ငံတော်လုံခြုံရေးကဏ္ဍသည် ကျယ်ပြန့်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်မှစ၍ အချုပ်အခြာအာဏာအထိ သက်ဆိုင်၍ ပေ့ါပေ့ါဆဆ မလုပ်ရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ ကျောင်းသမိုင်းပြခန်းအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ နည်းပြအရာရှိများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအား အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်၏ကာကွယ်ရေးမဟာဗျူဟာသည် တပ်မတော်ကိုမဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖြစ်သဖြင့် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်ပြုမူကျင့်ကြံသွားရန်လို

နေပြည်တော် မတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်မှ သင်တန်းနည်းပြများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ကြသည်။

## ပြည်သူ့စစ်မဟာဗျူဟာ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ သင်ကြားလေ့ကျင့်ပေးနေသည့် နည်းပြအရာရှိများအနေဖြင့် လေ့ကျင့်သင်ကြားပေးသော စစ်ဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကိုလည်း ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရန်လိုကြောင်း၊ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံအရ လက်မောင်းအမှတ်တံဆိပ်များ ကွာခြားမှုရှိသော်လည်း သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆို၍ တူညီသော ဦးတည်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ပေးအပ်သည့်အမိန့်နှင့် တာဝန်ကို အကောင်အထည်ဖော်ရာ၌ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့စည်းရုံးရေးနယ်မြေအလိုက် အေးချမ်းစွာနေထိုင်လိုကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးကြရန်လိုကြောင်း၊ ၎င်းအပြင် မိသားစုဝင်များ၏ စားဝတ်နေရေးနှင့် သွားလာရေး၊ ကျန်းမာရေးနှင့်ပညာရေးတို့ကိုလည်း တာဝန်ရှိသူများက မိသားစုစိတ်ဖြင့် စောင့်ရှောက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ကာကွယ်ရေးမဟာဗျူဟာသည် တပ်မတော်ကိုမဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖြစ်သဖြင့် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်ပြုမူကျင့်ကြံသွားရန်လိုကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း အရေးပေါ်ကာလအတွင်း အမျိုးမျိုးသောစိန်ခေါ်မှု၊ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှုများကို အေးချမ်းစွာနေထိုင်လိုသော ပြည်သူများ၊ သစ္စာရှိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုပေါင်းညီညာသော စုစည်းညီညွတ်သည့်အင်အားဖြင့် ဖြတ်ကျော်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များဖော်ဆောင်မှုတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အဓိကဆန္ဒမဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရှိစေရေး ပန်းခင်းစီမံချက် ဆောင်ရွက်လျက်ရှိရာတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပြင် အရေးကြီးလိုအပ်ချက်များကိုလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နည်းမျိုးစုံ ဖျက်လိုဖျက်ဆီးလုပ်လိုသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်များကိုလည်း လုံခြုံရေးအသိဖြင့် စောင့်ကြည့်ဖော်ထုတ်ရှင်းလင်းနေရန်လိုကြောင်း။

၎င်းအပြင် နိုင်ငံတော်အတွက် အနာဂတ်မျိုးဆက်သစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက်လည်း ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး KG+9 အထိ မသင်မနေရ တန်းစဉ်အလိုက် ကူးပြောင်းနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 အောင်မြင်မှသာ Vocational Training မှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ ကူးပြောင်းလုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ခွင့်ရရှိမည်ဖြစ်၍ မိမိတို့မိသားစုများ၏ မှီခိုကလေးများကိုလည်း နိုင်ငံတော်၏မူဝါဒနှင့်အညီ မဖြစ်မနေ ပညာသင်ကြားနိုင်ရေးသက်ဆိုင်ရာတပ်များမှ တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ကြည့်ရှုစောင့်ရှောက်၍ အနိမ့်ဆုံးအဆင့်ထိ တန်းစဉ်ကူးပြောင်း မပျက်မကွက်ရောက်ရှိစေရေး ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်(HR) ဖြစ်လာမည့်၊ အနာဂတ်၏ခေါင်းဆောင်များ၊ လူငယ်လူရွယ်များ၏ တန်းစဉ်ကူးပြောင်းနိုင်ရေး စာမေးပွဲဖြေဆိုမှုအပေါ် ယုတ်မာသောလုပ်ရပ်အဖြစ် အကြမ်းဖက်သမားများက ကျောင်းပတ်ဝန်းကျင် အတွင်း/အပြင် တို့၌ လုံခြုံရေးတပ်ဖွဲ့များ၏ အလစ်အငိုက်တွင် လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခြင်း၊ ချိန်ကိုက်မိုင်း၊ အဝေးထိန်းကြိုးကြပ်မိုင်းများဖြင့် ဖောက်ခွဲ၍ စာမေးပွဲအခန်းသို့ ကြောက်ရွံ့ပြီးမလာရဲအောင် ခြိမ်းခြောက်အကြမ်းဖက်မှုများကိုလည်း တွေ့နေရကြောင်း။

အလားတူ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသည့်မိမိတို့နိုင်ငံအတွင်း သာသနာ့တာဝန်ထမ်းဆောင်နေကြသည့် သံဃာတော်များကိုလည်း အကြောင်းမဲ့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းများအထိ ဆိုးရွားရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်များသည် မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်နေသည်ကို နားလည်၍မရပါကြောင်း၊ မိမိဆန္ဒနှင့်မကိုက်ညီ၍ မကျေနပ်ပါက အဆိုပါအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကို တိုက်ရိုက်ရည်ရွယ်တိုက်ခိုက် အကြမ်းဖက်ခြင်းသည် အဓိပ္ပာယ်ရှိကောင်းရှိမည်ဖြစ်သော်လည်း တရားမဲ့လက်နက်မဲ့မသက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို တိုက်ခိုက်ခြင်းသည် လူသားမဆန်သော ပြစ်မှုကျူးလွန်မှုပင်ဖြစ်ပါကြောင်း၊ အဆိုပါ တရားမဲ့အကြမ်းဖက်မှုများကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား နိုင်ငံတော်အစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း၍ ဆက်လက်ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ပြီး ပြည်သူများလိုလားသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သားများနှင့် မိသားစုဝင်များသည် မည်သည့်အချိန်ကာလတွင်မဆို အရေးကြီးသော နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို တစ်စိတ်တစ်ပိုင်း ပါဝင်ထမ်းဆောင်နေကြရသူများဖြစ်၍ အဆိုပါတာဝန်များကို သစ္စာရှိရှိတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ကျန်းမာကြံ့ခိုင်စေရန် တစ်ဦးချင်း မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ ပေးအပ်သည့်တာဝန်များအပေါ် ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အကျိုး၊ တပ်မတော်၏အကျိုးကို စည်းလုံးညီညွတ်စွာဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲအမျိုးမျိုးတို့အား အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်မှ နည်းပြအရာရှိများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ကြီး၏ဇနီးကလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက ဒေသထွက်စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးကလည်းကောင်း လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ **လူငယ်လူရွယ်များ၏ တန်းစဉ်ကူးပြောင်းနိုင်ရေး စာမေးပွဲဖြေဆိုမှုအပေါ် ယုတ်မာသော လုပ်ရပ်အဖြစ် အကြမ်းဖက်သမားများက ကျောင်းပတ်ဝန်းကျင် အတွင်း/အပြင် တို့၌ လုံခြုံရေးတပ်ဖွဲ့များ၏ အလစ်အငိုက်တွင် လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခြင်း၊ ချိန်ကိုက်မိုင်း၊ အဝေးထိန်းကြိုးကြပ်မိုင်းများဖြင့် ဖောက်ခွဲ၍ စာမေးပွဲအခန်းသို့ ကြောက်ရွံ့ပြီး မလာရဲအောင် ခြိမ်းခြောက်အကြမ်းဖက်မှုများကိုလည်း တွေ့နေရ**

☆ **ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ကြသည့် မိမိတို့နိုင်ငံအတွင်း သာသနာ့တာဝန် ထမ်းဆောင်နေကြသည့် သံဃာတော်များကိုလည်း အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများအထိ ဆိုးရွားရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်များသည် မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်နေသည်ကို နားလည်၍မရ**

# နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ကျေးလက်နေတောင်သူများ၏ လူနေမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူဌေးကုန်းကျေးရွာရှိ နေပြည်တော် သမဝါယမအသင်းစုချုပ်၏ ပြောင်းချဉ်ဖတ်စက်ရုံသို့ ရောက်ရှိကြပြီး နေပြည်တော် သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူများ ဝင်ငွေတိုးပွားလာအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ကျေးလက်နေတောင်သူများ၏ လူနေမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာအောင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုထုတ်လုပ်နေသည့် ပြောင်းချဉ်ဖတ်သည် ခြောက်သွေ့ကာလတွင် တိရစ္ဆာန်များ၏ အစာရှားပါးမှု ပြဿနာကို ဖြေရှင်းပေးပြီး တိရစ္ဆာန်ကြီးထွားမှု၊ အသားနှင့် နို့ထုတ်လုပ်မှု ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အရည်အသွေးစံချိန်စံညွှန်းများပြည့်ဝပြီး ကျေးလက်နေပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန် အရေးကြီးပါကြောင်း၊ ယခုထုတ်လုပ်မှုသည် နမူနာစံပြအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ဆောင်ရွက်လိုပါကလည်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာများ ရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝသည့် တိရစ္ဆာန်အစာများ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ သမဝါယမဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို Powerpoint ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိခရိုင် ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာသို့ ရောက်ရှိကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တောင်သူ သုံးဦး၊ စိုက်ပျိုးဧက (၂၀ ဒသမ ၅) ဧကကို အကျိုးပြုစေမည့် ဆိုလာစနစ်ဖြင့် ဆင်သေချောင်းရေတင်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူများ သီးနှံစိုက်ပျိုးရာတွင် စက်သုံးဆီ အသုံးပြုမှု ကုန်ကျစရိတ်များ လျော့နည်းသက်သာလာစေရန်၊ ရာသီမရွေး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်တို့အတွက် ဆိုလာစနစ်ဖြင့် ချောင်းရေတင်လုပ်ငန်း စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြင့် ရေအရင်းအမြစ်များ လုံလောက်စွာရရှိလာမည်ဖြစ်ပြီး သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် မိသားစုဝင်ငွေ ပိုမိုရရှိလာမည့် Pilot စီမံကိန်း တစ်ခုလည်း ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆင်သေချောင်းတစ်လျှောက် တောင်သူများမှ ဆောင်ရွက်လိုပါက နည်းပညာ/အသိပညာများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အရင်းအနှီး သက်သာစွာဖြင့် အကျိုးအမြတ်များများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများနှင့် လူငယ်များကို ဉာဏ်ပညာနှင့် ဗဟုသုတကြွယ်ဝပြီး နိုင်ငံအတွက် အားကိုးရမည့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် အသိပညာပေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်

**မန္တလေး မေ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဝင်းရဲထွန်းနှင့်အတူ ဝိုင်းမော်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စစ်ကိုင်းဇုန်နယ် ထပ်ဆင့်လွှင့်စက်ရုံများ ဇုန်နယ်တာဝန်ခံ၊ မန္တလေးသတင်းဌာနခွဲမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တာဝန်ခံတို့နှင့် တွေ့ဆုံသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

**ကြပ်မတ်ဆောင်ရွက်ရန်**

မေ ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် ပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ စက်ရုံတာဝန်ခံနှင့် အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပြည်သူ့စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ကောင်း စေတနာကောင်းဖြင့် ပြည်သူလူထုအကျိုးရှိအောင်၊ ကျေနပ်မှုရှိအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များကို ဉာဏ်ပညာနှင့် ဗဟုသုတကြွယ်ဝပြီး နိုင်ငံအတွက် အားကိုးရမည့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြရန်၊ အတွေးအခေါ် အယူအဆ မှန်ကန်ရန်နှင့် ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရန်၊ မကြာမီကျရောက်မည့် သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ရုံးဌာန၊ စက်ရုံ၊ အလုပ်ရုံများ လုံခြုံရေးနှင့် သတင်းထုတ်ပြန်ရေးကိစ္စများကို လိုအပ်ချက်၊ အားနည်းချက်မရှိအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

## အလုံမြို့နယ်၌ နွေရာသီ ပညာဒါန အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**အလုံ မေ ၅**

လူငယ်၊ လူရွယ်များ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီဝါသနာကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်ရွယ်ကာ နွေရာသီ ပညာဒါန အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို မေ ၄ ရက် နံနက် ၉ နာရီက စတင်ကာ အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ချို က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာက ပန်းချီပညာအကြောင်းနှင့် သင်တန်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ လေးပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်သည်။

အဆိုပါ လူငယ်၊ လူရွယ်များအတွက် နွေရာသီ ပညာဒါန ပန်းချီသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်တွင်လည်း အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင်လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ခရိုင်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ချို (ပြန်/ဆက်)**

## ဆီထွက်သီးနှံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

သတင်းထုတ်ပြန်ကြေညာချက် ( ၁ / ၂၀၂၂)
၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်)

**ဆီထွက်သီးနှံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ အဆိုပါလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အကူအညီလိုအပ်ပါက အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

(က) ရုံးအမှတ်(၁)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်
(ခ) အမြဲတမ်းအတွင်းဝန်၊ ဖုန်း – ၀၆၇–၃၄၀၇၁၄၇
e-mail : ps@mifer.gov.mm, wahmaungapril@gmail.com
(ဂ) ဒုတိယအမြဲတမ်းအတွင်းဝန် ၊ ဖုန်း – ၀၆၇–၃၄၀၇၇၆၈၊
e-mail : dps@mifer.gov.mm, sandaygn@gmail.com

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## ဆီထွက်သီးနှံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်းများကို **ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်သွားမည်**ဖြစ်ပါသည်။

၂။ ဆီထွက်သီးနှံနှင့်ပတ်သက်၍ အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို မြန်ဆန်သွက်လက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
**လိပ်စာ**
အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**ဖုန်းနံပါတ်**
+၉၅–၉–၂၀၂၃၈၂၁၊ +၉၅–၁–၆၅၈၁၃၂
**အီးမေးလ်**
dica@mptmail.net.mm, investmentpromotion@dica.gov.mm

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာအတွင်း စိုက်ပျိုးမွေးမြူရေးအခြေခံသော တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာအတွင်း လယ်ယာသားငါးထုတ်လုပ်မှု တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးအခြေခံသော တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရန် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် လိုအပ်သောအားပေးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၃ ရက်က လယ်ဝေးမြို့နယ် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်အတွင်း ဥစားကြက်၊ အသားစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



**ကြည့်ရှုစစ်ဆေး**

အလားတူ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြပြီး စိုက်ကွင်းများတွင် ဆေးရွက်ကြီးပိုးသတ်ဆေး၊ တမာပိုးသတ်ဆေး စသည့်သဘာဝပိုးသတ်ဆေးများနှင့် သဘာဝမြေဩဇာများ အသုံးပြုဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်း (GAP)စနစ်ဖြင့် စိုက်ပျိုးထားသည့် ဖူးစားပြောင်းစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးသည်။

မွေးမြူရေးဇုန်နှင့် စိုက်ပျိုးရေးဇုန်များအား ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တောင်သူများကိုတွေ့ဆုံ၍ အစားအစာဘေးကင်းလုံခြုံရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ စနစ်တကျ လိုက်နာကျင့်သုံးရန် လိုအပ်ချက်များ၊ ဈေးကွက်လိုအပ်ချက်ရှိသော တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်စေရေးနှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေအကျိုးအမြတ် တိုးတက်ရရှိရေး၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးနှင့် အရည်အသွေးပြည့်ဝသော ထုတ်ကုန်များဖြစ်စေရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနယူးဧရာစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်၏ မျိုးစေ့ထုတ် စိုက်ကွင်းသို့ရောက်ရှိကြပြီး ကုမ္ပဏီနှင့် မိတ်ဖက်တောင်သူများ ပူးပေါင်း၍ နယူးဧရာ (၁) စပ်မျိုးစပါး ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ၊ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးလုပ်ကိုင်သူများအားလုံး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲစိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်၌ လယ်မြေဧက ၄၀ အတွင်း သစ်စိမ်းမြေဩဇာ ထည့်သွင်းကြဲပက်

**ကျိုက်လတ် ဧပြီ ၅**

ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ လယ်မြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ပိုက်ဆံလျှော် (သစ်စိမ်း) မြေဩဇာများ သတ်မှတ် အစီအစဉ်အလိုက် ထည့်သွင်းကြဲပက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်တွင် ပန်းဘဲစုကျေးရွာအုပ်စုရှိတောင်သူ ဦးအေးသန်း၏ လယ်မြေဧက ၄၀ အတွင်း သစ်စိမ်းမြေဩဇာကြဲပက်ထည့်သွင်းခြင်း အခမ်းအနားဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးခိုင်၊ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ တောင်သူ ၈၀ တို့ တက်ရောက်ကြဲပက်ခဲ့ကြသည်။ ထိုကဲ့သို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းရခြင်းဖြင့် မြေသားတည်ဆောက်မှုကို တိုးတက်ကောင်းမွန်စေခြင်း၊ မြေဆီလွှာ တိုက်စားမှုဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ မြေစေးကို ရေစိမ့်အားကောင်းမွန်အောင် ပြုလုပ်ပေးနိုင်ခြင်း၊ သဘာဝမြေဆွေးဓာတ်များ ရရှိခြင်း၊ ပေါင်းမြက်များ ပေါက်ရောက်မှုကို ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပြီး ကျိုက်လတ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမည့် လယ်မြေများအနက် ၆၁ ဧကကို ပိုက်ဆံလျှော် (သစ်စိမ်း) မြေဩဇာ ကြဲပက်ထည့်သွင်းပြီးဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဖုန်းထံမှသိရသည်။ **သပြေထွန်း**



# သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**သနပ်ပင် ဧပြီ ၅**

သနပ်ပင် မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က စွန်ပိကျေးရွာနှင့် ဖရဲကျေးရွာတို့၌ ပြုလုပ်ခဲ့သည်။



**အသိပညာပေးဆွေးနွေး**

အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ စွန်ပိကျေးရွာနှင့် ဖရဲကျေးရွာတို့တွင် အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာ မြေဆွေးပြုလုပ်ခြင်း သရုပ်ပြပွဲနှင့် နေဗီယာမြက်မျိုးများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်တင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းမှတစ်ဆင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများအား မဟာသင်္ကြန် ရုံးပိတ်ရက်ကာလဖြစ်သော (၉-၄-၂၀၂၂)၊ (၁၀-၄-၂၀၂၂) နှင့် (၁၂-၄-၂၀၂၂) ရက်နေ့တို့တွင် Overtime ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် အရေးပေါ် ကိုဗစ်ဆေးနှင့် ကုန်ပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက ရုံးချုပ်တွင် အသင့်စုဖွဲ့ထားသောအဖွဲ့ဖြင့် သင်္ကြန် အကြိုနေ့ (၁၃-၄-၂၀၂၂) ရက်နေ့မှ သင်္ကြန်အကြတ်နေ့ (၁၅-၄-၂၀၂၂)ရက်နေ့အထိ ကုန်ပစ္စည်းရှင်းလင်း ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် ရှင်းလင်းထုတ်ယူလိုသော ကုန်ပစ္စည်း များနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်များ ပေးဆောင်ရန်အတွက် Deposit ငွေ လုံလုံလောက်လောက်ထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်မှုအား (၈-၄-၂၀၂၂)ရက်နေ့ (၁၄:၀၀)အချိန်ထက် နောက်မကျဘဲ ညွှန်ကြားရေးမှူး(ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)နှင့် ညွှန်ကြားရေးမှူး(ကာကွယ်ရေးဌာနခွဲ)တို့ထံ လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ ကုန်ပစ္စည်းများထုတ်ယူရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ညွှန်ကြားရေးမှူး(ထုတ်/သွင်း) | - | ၀၉၅၀၇၅၆၅၈ |
| (ခ) | ညွှန်ကြားရေးမှူး(ကာကွယ်ရေး) | - | ၀၉၅၀၆၆၅၆၉ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး(ထုတ်/သွင်း) | - | ၀၉၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး(ကာကွယ်ရေး) | - | ၀၉၂၅၀၀၆၃၂၀၃ |
| (င) | ဒုတိယညွှန်ကြားရေးမှူး(လေဆိပ်) | - | ၀၉၂၀၃၁၆၇၁ |

**အကောက်ခွန်ဦးစီးဌာန**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"** စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီး သွားလာရာတွင်လည်းကောင်း၊ တည်းခို နေထိုင်ရာ နေရာများ တွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်) ပြသ ဆောင်ရွက်ရသည့်လုပ်ငန်း များတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည် ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများ အား ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်) အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၅**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဧလ**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာအစီအမံများနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ပြသရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ပြသရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မှ တာဝန်ရှိသူများနှင့် ရုပ်ရှင်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ နှင့် ရုပ်ရှင်လုပ်ငန်းရှင်များက ရုပ်ရှင်ရုံများ ပြန်လည် ပြသရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြ ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ် များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကား သံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် မှ " ဆူးကြားက ဘူးခါး (သို့မဟုတ်) EPC " ခေါင်းစဉ်ဖြင့် ၆-၄-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါ သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "မွန်ပြည်နယ်ရှိ အများပြည်သူသွားလာအသုံးပြုနေသော သံဘောင် ဘောလီတံတားတစ်စင်းအား အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှု" နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# အာဆီယံ အစားအစာနှင့် တိရစ္ဆာန်အစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ လျင်မြန်စွာလှုံ့ဆော်မှုစနစ် (၉) ကြိမ်မြောက် National Contact Points နှင့် (၇) ကြိမ်မြောက် Steering Committee အစည်းအဝေးများကို မြန်မာနိုင်ငံမှ အွန်လိုင်းဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဧပြီ ၅**

အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား အစားအစာဘေးအန္တရာယ် ကင်းရှင်းစေရေးဆိုင်ရာ သတင်း အချက်အလက်များ ဖလှယ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း နှင့်စပ်လျဉ်းသည့် အာဆီယံအစား အစာနှင့် တိရစ္ဆာန်အစာဘေးကင်း လုံခြုံရေးဆိုင်ရာ လျင်မြန်စွာလှုံ့ ဆော်မှုစနစ် ( ASEAN Rapid Alert System for Food and Feed-ARASFF) ဆိုင်ရာ လက်ရှိဆောင် ရွက်နေသည့် ကိစ္စရပ်များ၊ ကြုံတွေ့ ရသည့်အခက်အခဲများ၊ ရှေ့ ဆက်လက်ဆောင်ရွက်မည့် ကိစ္စ ရပ်များအား ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ASEAN အဖွဲ့ဝင်နိုင်ငံ များမှ အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ စဉ်အတိုင်း နှစ်စဉ် အလှည့်ကျ လက်ခံကျင်းပ ဆောင်ရွက်လျက် ရှိရာ အာဆီယံအစားအစာနှင့် တိရစ္ဆာန်အစာဘေးကင်းလုံခြုံရေး



ဆိုင်ရာ လျင်မြန်စွာလှုံ့ဆော်မှု စနစ် (၉) ကြိမ်မြောက် National Contact Points နှင့် (၇) ကြိမ် မြောက် Steering Committee အစည်းအဝေးများကို ဧပြီ ၄ ရက် နှင့် ၅ ရက်တို့တွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် အွန်လိုင်းမှ တစ်ဆင့် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံ ကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်ဒေါက်တာသန္တာကြည် က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီး ဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူ ရေးရာဦးစီးဌာနတို့မှ ကိုယ်စားလှယ် များ ပါဝင်တက်ရောက်ခဲ့ကြ ကာ အစားအစာဘေးကင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် အဖွဲ့ ဝင်နိုင်ငံများအသီးသီးမှ လုပ်ငန်း ရပ်များနှင့် အစားအစာဘေးကင်း ရေးဆိုင်ရာ အလျင်အမြန်သတိပေး သည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

[၉]

သူ့အမည်ကို ဦးမွန်ကြီးဟု ရေနံ့သာမှ လူအများက ခေါ်ကြသည်။

ယင်းအမည်သည် သူ၏အမည်အစစ်အမှန်တော့မဟုတ်။ သူ့အမည်မှန်ကို ရေနံ့သာမှ လူများမသိကြ။ သိနိုင်အောင်လည်း တစ်ဦးတစ်ယောက်ကမှ တကူးတက စေ့ငုခြင်းမရှိခဲ့ကြ။

သူသည် တနင်္သာရီတိုင်းမှဖြစ်လေသည်။ သထုံဘက်ကဖြစ်သည်။ ကြက်တူရွေးတောင်ကဆိုလားမသိ။ မွန်လူမျိုးဖြစ်သည်။

သူ၏ပေါင်တွင် မည်းမည်းမှောင်သော ဆေးမင်ကြောင်ထိုးကွင်းနှင့်။ ရင်ဘတ်၌ အရဟံ စမနှင့်။ လက်ဖျံတွင် ဂဠုန်မင်းနှင့် ပင့်ကူနှင့်။ ကျောတွင် စ၊ ဓ၊ ဗ၊ ဝနှင့် အင်းကွက်နှင့်။

သူသည် ဂင်တိုတိုဖြစ်သည်။ ပုပျပ်သောအရပ်နှင့် လိုက်ဖက်သော ကိုယ်လုံးကိုယ်ထည် ရှိသည်။ ကြွက်သားများမှာ အမြှောင်းမြှောင်း အဖုဖုထနေသည်။ ကျစ်လျစ်မာကျောသည်။

သူ၏အသက်သည် ငါးဆယ်ကျော်ခဲ့လေပြီ။ အသက်နှင့်မလိုက်အောင် လျင်မြန်ဖျတ်လတ်ဆဲဖြစ်သည်။ သွက်လက်သန်မာဆဲ ဖြစ်သည်။

သူ၏မျက်နှာမှာ လေးထောင့်ကျကျဖြစ်သည်။ မေးရိုးသည် အရင်း၌ လိုသည်ထက်ပို၍တုတ်ခိုင်နေသည်။ ဆယ်ပြားစေ့မျက်နှာဟု သူ့ကွယ်ရာ၌ အစေခံမိန်းကလေးများက ခေါ်ကြသည်။ သူ၏နှာခေါင်းသည် အဖျား၌ကားသည်။ ပွရောင်းရောင်းဖြစ်သည်။ သူ၏မျက်နှာ၌ အမာရွတ်များစွာရှိသည်။ မျက်ခွံတစ်ဖက်သည် အောက်သို့ ပိတွဲကျနေသည်။

သူသည် တစ်ချိန်က လက်ဝှေ့ကျော်ကြီးတစ်ဦးဖြစ်လေသည်။ အသက်လေးဆယ်နီးပါးအထိ လက်ဝှေ့ထိုးနေခဲ့သေးသည်။ သူနှင့် သတ်ဖက်တစ်ဦး သူ့လက်ချက်ဖြင့် လူစဉ်မမီဖြစ်ရကတည်းက လက်ဝှေ့ကြိုးဝိုင်းကို စွန့်ခွာခဲ့သည်။ ခြံစောင့်အလုပ်ကိုလုပ်သည်။ ယင်းရာထူးဖြင့် ရေနံ့သာသို့ ရောက်လာခဲ့သည်။ ရောက်ကတည်းက ဦးမွန်ကြီးဟု အမည်တွင်သည်။ ယင်းအမည်ကို သူကိုယ်တိုင်က နှစ်ခြိုက်ပုံမပြလှသော်လည်း သူ၏အမည်အစစ်အမှန်ကို ခေါ်ဆိုပါဟူ၍မူ မည်သည့်အခါကမှ တောင်းဆိုခြင်းမရှိခဲ့။

သူသည် ရိုးသားသူဖြစ်သည်။ တည်ငြိမ်၍ စိတ်ရှည်သည်။ စကားနည်း၍ သူတစ်ပါးကိစ္စများ၌ စပ်စုခြင်းကင်းသည်။

ဦးမွန်ကြီးသည် ရေနံ့သာ၌ စိတ်အချရဆုံး၊ အယုံကြည်ရဆုံး အမှုထမ်းတစ်ဦးဖြစ်လေသည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးအဖို့ ဦးမွန်ကြီးကို ငှား၍ရသောအခါ ရေနံချောင်းရှိ ရေနံ့သာအိမ်မှ လူယုံဦးထွန်ခင်ကို သတိရဖွယ်ဖြစ်လာသည်။ ဦးထွန်းခင်သည် စစ်ပြေးရင်း ပုပ္ပားတွင်၌ဆုံးရှာသည်။




ဦးထွန်းခင်သည် ဦးမွန်ကြီးထက်ပင် သစ္စာကြီးရုံမျှမက အိမ်မှုကိစ္စအဝဝကိုလည်း တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် အသုံးချ၍ရသည်။ ခြံစောင့်အလုပ်သာမက၊ ရုံးစေရော ဒရိုင်ဘာအလုပ်ကိုပါ လုပ်ခဲ့သည်။

ဦးထွန်းခင်သေဆုံးရခြင်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ဖခင် ဦးအောင်ခန့် သေဆုံးရခြင်းနှင့် ပတ်သက်နေသည်။ ဦးအောင်ခန့် ဂျပန်များအဖမ်းခံခဲ့ရသည်။ ဦးထွန်းခင်ကို ညှာခဲ့ခြင်းဖြစ်သည်။ ကင်ပေတိုင်အချုပ်ခန်းတွင် ဦးအောင်ခန့် ဆုံးပါးခဲ့သည်။ ယင်းအဖြစ်နှင့်စပ်လျဉ်း၍ ဦးထွန်းခင်သည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ရှိခဲ့သည်။ ဦးအောင်ခန့်သေဆုံးရခြင်းမှာ သူ့ပယောဂမကင်းဟု ထင်သည်။ ထိုအဖြစ်အတွက် ထာဝစဉ် စိတ်မကောင်းဖြစ်နေခဲ့သည်။ အများက ဝိုင်းဝန်းဖျောင်းဖျသည့်တိုင် သူ့မှာ ဖြေ၍မပြေနိုင်ခဲ့။ ယင်းဝေဒနာဖြင့်ပင် ဦးထွန်းခင်ဆုံးပါးခဲ့ရခြင်း ဖြစ်လေသည်။

ဦးထွန်းခင်လို ယုံကြည်စိတ်ချရသူမျိုး နောက်ထပ်မရနိုင်တော့ထင်ဆဲ ရေနံ့သာသို့ ဦးမွန်ကြီးရောက်လာသည်။ ဦးထွန်းခင်လိုမဟုတ်ပေမဲ့ ဦးထွန်းခင်နီးပါး စိတ်ချရသူတစ်ဦးဖြစ်သည်။

သည်ကနေ့ ဦးမွန်ကြီးကိုကြည့်ရသည်မှာ ဂနာမငြိမ်လှ။ သူသည် တစ်စုံတစ်ခုကို ပြောလိုဟန်ရှိသည်။ ယင်းစကားမှာလည်း ဒေါ်ရေနံ့သာခင်ခင်ကြီးကလွဲ၍ အခြားသူကို မပြောလိုသောစကားမျိုး ဖြစ်ပုံရသည်။

အခါတိုင်းကဆိုလျှင် နံနက်ခြောက်နာရီခွဲ နေအထွက် ရေနံ့သာရှိ ပြတင်းပေါက်တို့အဖွင့်တွင် ဦးမွန်ကြီး၏ဝတ္တရား ကုန်ဆုံးသည်။ သူ့အတွက် သီးသန့်ရထားသောတန်းလျားသို့ ပြန်၍ အိပ်စက်လေ့ရှိသည်။

သည်ကနေ့တွင်မူ ဦးမွန်ကြီး ခုနစ်နာရီထိုးခါနီးအထိ သူ့တန်းလျားသို့ မပြန်ဖြစ်သေး။ အိမ်ဆင်ဝင်အောက်မှ ဖြတ်လျှောက်ရင်း ညှော့ခန်းသို့ မသိမသာ လှမ်းလှမ်းကြည့်တတ်သည်။ ညှော့ခန်းတွင် ဒေါ်ရေနံ့သာခင်ခင်ကြီး ရှိ၊ မရှိ စူးစမ်းသည်။

ညက တွေးရင်းတောရင်းဖြင့် အတော်ညဉ့်နက်လေမှ အိပ်ပျော်ခဲ့သော ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ခုနစ်နာရီထိုးခါနီးမှပင် အိပ်ရာမှနိုးလာသည်။ ရေချိုးခြင်း၊ အဝတ်လဲခြင်းဖြင့် ခုနစ်နာရီထိုးခဲ့သည်။ ထို့နောက် ညှော့ခန်းသို့မလာဖြစ်သေးဘဲ ထမင်းစားခန်းသို့ဝင်ကာ ကော်ဖီသောက်သည်။

အိပ်ရေးပျက်ခြင်းသာမက စိတ်တွင်လည်း တစ်စုံတစ်ရာအတွက် စနိုးစနောင့်ခံစားနေရသလိုရှိသော ဦးမွန်ကြီးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးညှော့ခန်းသို့ ရောက်လာသည်အထိ မစောင့်နိုင်တော့၊ စင်စစ်တွင်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီးအား ခင်ခင်ကြီးဟု ပိုင်စိုးပိုင်နင်းခေါ်သူ၊ အနှောင့်အသွားမလွတ်သော စကားအချို့ကိုပြောခဲ့သူ၊ အမူအကျင့်ရော ရုပ်သွင်ပါ ထူးခြားသူနှင့်စပ်လျဉ်း၍ ဦးမွန်ကြီးမှာ ဘဝင်မကျနိုင်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဆန်းကြယ်စွာနေထိုင်မှု၊ ယခုတစ်ခါ နန်းကိန္နရီဆိုသော အငြိမ့်မင်းသမီးကလေးကို အိမ်ပေါ်ခေါ်တင်ကာ မွေးစားမှု၊ အစက အပျိုကြီးဟုထင်ထားရာမှ ယခုအခါ ယောကျ်ားရဖူးသည်။ ကလေးရဖူးသည် စသော စကားများကို အစေခံများ ဝေဖန်ပြောဆိုမှုစသော သူ့နေနှင့် တစ်စွန်းတစ်စနားလည်ရခြင်းများအတွက်လည်း ဦးမွန်ကြီးစိတ်မှာ စနိုးစနောင့်ရှိခဲ့ရပြန်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် လျှို့ဝှက်ဆောင်ရွက်ဖွယ်ကိစ္စရပ်များ ရှိလေသလား၊ ယင်းသို့ဆောင်ရွက်ရာ၌ မောင်မောင်ဦးဆိုသူ၏အခန်းကဏ္ဍများ ပါဝင်နေလေမလား စသည်ဖြင့်လည်း ဦးမွန်ကြီး စဉ်းစားသည်။

ထို့ကြောင့်ပင် နေ့လယ် သို့မဟုတ် ညနေတွင် ပြန်လည်ဆုံစည်းနိုင်ရန် အခွင့်အရေးရှိပါလျက် ထိုအချိန်သို့တိုင်အောင် ဦးမွန်ကြီးမစောင့်နိုင်။ နောက်ဖေးပေါက်မှဝင်ကာ ထမင်းစားခန်းသို့ လာခဲ့သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ထိုင်နေရာစားပွဲသို့ ရိုကျိုးသောအမူအရာဖြင့် တိုးလာခဲ့သည်။

ဦးမွန်ကြီးကိုမြင်ရသည်ဆိုလျှင်ပင် သူ့တွင် တစ်စုံတစ်ရာ ပြောရန်ရှိကြောင်း ဒေါ်ရေနံ့သာခင်ခင်ကြီး အကဲခတ်နိုင်စွမ်းရှိဟန်တူသည်။

"ကဲ၊ ဦးမွန်ကြီး ဘာကိစ္စ"

ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ အသံထွက်လာသည်။

ဦးမွန်ကြီးသည် စကားကို အလျင်စလိုပြောချင်နေသော်လည်း ဘေးဘီကို ကြည့်သေးသည်။ တစ်ပါးသူတို့မကြားစေရန် စားပွဲအနီးသို့ ပို၍တိုးကပ်ကာ လေသံတိုးတိုးဖြင့် ပြောသည်။

"ဒီလိုခင်ဗျ။ ညတစ်နာရီလောက်မှာ လူတစ်ယောက် ခြံဝကိုရောက်လာတယ်"

သူ၏နိဒါန်းစကားကို ဒေါ်ရေနံ့သာခင်ခင်ကြီးက မည်သို့မျှမထူးခြားသလို နားထောင်နေသည်။ သူသည် ညကအဖြစ်အပျက်နှင့် စကားများကို ပြန်ပြောင်းပြောပြရသည်။ ထိုအခါ တစ်စထက်တစ်စ စိတ်ဝင်စားလာသလိုရှိသည်။

"အဲ၊ အဆုံးမှာတော့ သူက သူလာသွားတဲ့ အကြောင်း ပြောလိုက်ပါဆိုပြီး ပြန်သွားတာပဲ"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျက်မှောင်ကြုတ်ရင်း မည်သူဖြစ်နိုင်မည်နည်းဟု စဉ်းစားသည်။ စဉ်းစား၍ မပေါ်နိုင်တော့မှ မေးသည်။

"သူဆိုတာ ဘယ်သူတဲ့လဲဟင်"

"မောင်မောင်ဦးတဲ့"

"ဟင်၊ မောင်မောင်ဦး"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ကိုယ်မှာ ဆတ်ခနဲတွန့်သွားသည်။ ထိုင်ရာမှ ရုတ်တရက် ထရပ်မိတော့မလိုရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာမှ အပြောင်းအလွဲများစွာကို ဦးမွန်ကြီး မြင်ရသည်။ သူ၏မျက်ဝန်းမှာ ရုတ်တရက် ပြူးကျယ်သွားသည်။ မျက်နှာမှာ ဖြူဖျော့သွားသလိုရှိသည်။ အလွန်တရာ အံ့သြတုန်လှုပ်သွားသည့်ပမာ ဖြစ်သည်။ တုန်လှုပ်ရသည်မှာ တစ္ဆေသရဲတစ်ကောင်၏အကြောင်းကို ကြားလိုက်ရသည့်နှယ်ပါပင်တည်း။

မိမိတွေးထင်ခဲ့သလိုဖြစ်ခဲ့လေပြီဟု ဦးမွန်ကြီး ထင်သည်။ ဒါကြောင့် စိတ်မှာ စနိုးစနောင့်ရှိရပေတာပဲဟု တွေးသည်။ သူ့အနေနှင့် တာဝန်ကျေခဲ့ပြီဟု မှတ်ထင်သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် ပျက်ယွင်းသွားသောဣန္ဒြေကို ပြန်လည်ထိန်းချုပ်သည်။

"ကျေးဇူးပဲ ဦးမွန်ကြီး၊ ကဲ သွားနိုင်ပါပြီ" ဆိုသည်။

ဦးမွန်ကြီးသည် ဝင်လာစဉ်ကလို ရိုကျိုးသော အမူအရာဖြင့် ထမင်းစားခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

သို့နှယ်ဖြင့် တစ္ဆေသည် ထိုနေ့က ရေနံ့သာကိုလည်းကောင်း၊ ဒေါ်ရေနံ့သာခင်ခင်ကြီးကို လည်းကောင်း ခြောက်လှန့်လေသည်။ ယင်းတစ္ဆေကား အခြားသော နာနာဘာဝ တစ္ဆေအမျိုးအစားမဟုတ်။ စိတ်ကိုမှီ၍ဖြစ်သော အတိတ်တစ္ဆေတည်း။

ထိုနေ့က ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်မှာ ယောက်ယက်ခတ်ရသည်။ လူကိုယ်တိုင်လည်း အငြိမ်မနေနိုင်။ အိမ်အတွင်း ထိုင်ချည်၊ ထချည်၊ သွားချည်၊ လာချည်နှင့် မငြိမ်မသက် ဖြစ်နေရသည်။

သူ ဘယ်ပုံဘယ်နည်းဖြင့် ရေနံ့သာသို့ ရောက်လာရပါလိမ့်။ သူ့အား ဘယ်သူကများ လမ်းညွှန်လိုက်ပါလိမ့်။ သူနှင့် နန်းကိန္နရီတို့ ဆက်စပ်မှုရှိခဲ့လေသလား။ နန်းကိန္နရီကို မိမိတို့ရင်သွေးဟု သူသိနေလေသလား။ နန်းကိန္နရီကို မွေးစားလိုက်ခြင်းဖြင့် သူဘယ်လိုများ ဆက်စပ်ချင်ပါလိမ့်။ သူ့မှာ အဘယ်သို့သောအကြံအစည်မျိုး ရှိနေပါလိမ့်။

ဘယ်လိုရေစက်မျိုးပါလိမ့်ကွယ်။ သူနှင့်ပတ်သက်လာလျှင် ရင်မောစရာချည်း ပါပဲကလား။ တွေ့စမှသည် ယနေ့အထိ တစ်ခါမှအဆင်မပြေပါကလား။ သူသည် ပူလောင်ပြင်းပြရခြင်းကိုသာ အစဉ်ဖန်တီးတတ်သူပါကလား။

သက်ပြင်းအကြိမ်ကြိမ် ရှိုက်ရသည်။ သက်မ အတန်တန်ချရသည်။

နောက်တော့ စိတ်ကို မည်သို့မျှငြိမ်ငြိမ်မထားနိုင်ဘဲ အငြိမ့်ထောင်ဆရာဦးမြတ်စံအိမ်သို့ ဒေါ်ရေနံ့သာခင်ခင်ကြီး ရောက်လာခဲ့ရလေသည်။

အငြိမ့်ထောင်ဆရာ၏အိမ်မှာ လူသူများပြားနေသည်။ ဆိုင်းသံ ဗုံသံများကို အဝေးမှပင် ကြားနေရသည်။ မြလွှာရုံအငြိမ့်အတွက် အပူတပြင်း ဇာတ်တိုက်နေကြောင်း တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ဘယ်လိုရေစက်မျိုးပါလိမ့်ကွယ်။**

**သူနှင့်ပတ်သက်လာလျှင် ရင်မောစရာချည်းပါပဲကလား။**

**တွေ့စမှသည် ယနေ့အထိ တစ်ခါမှ အဆင်မပြေပါကလား။**

**သူသည် ပူလောင်ပြင်းပြရခြင်းကိုသာ အစဉ်ဖန်တီးတတ်သူပါကလား။**

**သက်ပြင်းအကြိမ်ကြိမ် ရှိုက်ရသည်။ သက်မ အတန်တန်ချရသည်။**

**နောက်တော့ စိတ်ကိုမည်သို့မျှ ငြိမ်ငြိမ်မထားနိုင်ဘဲ**

**အငြိမ့်ထောင်ဆရာ ဦးမြတ်စံအိမ်သို့**

**ဒေါ်ရေနံ့သာခင်ခင်ကြီး..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြို့နယ်ပညာရေးမှူးအား PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်

နေပြည်တော် မေ ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီအား PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ပခုက္ကူမြို့ (၁၂) ရပ်ကွက်နေ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီ (၅၈)နှစ် (ဘ)ဦးလှရွှေသည် မြို့နယ်ပညာရေးမှူးရုံးသို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့် သွားရောက်စဉ် (၁၂)ရပ်ကွက် ဧရာဝဏ်လမ်းပေါ်ရှိ "မေမြန်မာ" စတိုးဆိုင်ရှေ့အရောက်၌ ၎င်း၏အနောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသည့် အကြမ်းဖက်သမား အမျိုးသားနှစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ကာ ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်တင်တင်ရီကို အခင်းဖြစ်နေရာလမ်းပေါ်၌ ၎င်းစီးနင်းလာသည့် Super Cub အစိမ်းရောင်ဆိုင်ကယ်ဘေး၌ ဝဲလက်မောင်းကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲရင်ဘတ်ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေကို တွေ့ရှိရပြီး ၎င်း၏အနီးမှ A USA Auto 380 စာတန်းပါ ကျည်ခွံသုံးခုတို့ကို တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီ၏ အလောင်းအား ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုကဲ့သို့ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားနိုင်ရန် နိုင်ငံ့ဝန်ထမ်းပီသစွာ ဆောင်ရွက်ပေးလျက်ရှိသည့် မြို့နယ်ပညာရေးမှူးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဒေါ်တင်တင်ရီ (သေဆုံး)။



သတင်းစဉ်

■ ကျော့ဖုံးမှ

ထိုသို့ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ မေ ၄ ရက် ည ၈ နာရီ မိနစ် ၅၀ ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အား/ကာ လမ်းပေါ် မြို့နယ်ပညာရေးမှူးရုံးအနီး၊ ယနေ့ နံနက် ၈ နာရီ ၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ မြို့မစံပြ ရပ်ကွက်ရှိ သက္ကလအခြေခံပညာအထက်တန်းကျောင်းအနီး၊ နံနက် ၈ နာရီခွဲခန့်တွင် ကဝမြို့ အမှတ်(၃)ရပ်ကွက် ပဲခူးလမ်းနှင့် ငါးထပ်ကြီး ဘုရားလမ်းထောင့်ရှိ အခြေခံပညာအထက်တန်းကျောင်းအနီးတို့၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် မေ ၄ ရက် နံနက် ၈ နာရီ ၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ (၁)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ရှေ့ထွက်မိုင်းတစ်လုံးကို လည်းကောင်း၊ ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအနီး၌ လက်လုပ်ဗုံးနှစ်လုံးကိုလည်းကောင်း၊ ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းအနီး၌ လက်လုပ်မိုင်းတစ်လုံးကို လည်းကောင်း၊ နံနက် ၉ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းတစ်လုံးကိုလည်းကောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြကြောင်း သိရသည်။



ကြာအင်းဆိပ်ကြီးမြို့ (၁)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း ခြံစည်းရိုးအနီး အကြမ်းဖက်သမားများ ထောင်ထားသည့် ရှေ့ထွက်မိုင်းတစ်လုံးအား တွေ့ရစဉ်။



လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းဘေး၌ တွေ့ရသည့် လက်လုပ်ဗုံးနှစ်လုံးအား တွေ့ရစဉ်။

၎င်းအပြင် မေ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးသည် ကျေးရွာရပ်မိရပ်ဖများနှင့်အတူ စာသင်ကျောင်းအား သွားရောက်ကြည့်ရှုစဉ် ကျောင်းအုပ်ကြီးရုံးခန်းရှိပြတင်းတံခါးမှန်များ ရိုက်ခွဲဖျက်ဆီးခံထားရပြီး ရုံးခန်းတံခါးမကြီးပွင့်နေသည်ကိုတွေ့ရှိရပြီး ရုံးခန်းအတွင်း ထိန်းသိမ်းထားရှိသည့် စတုတ္ထတန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူများ ဖြေဆိုထားသည့် အတန်းတင်စာမေးပွဲ စစ်ဆေးပြီး အဖြေလွှာများကို အကြမ်းဖက်သမားများက မင်ရည်များဖြင့် ပက်ဖျန်းဖြန့်ကြဲထားခြင်းနှင့် ရုံးခန်းနံရံများပေါ်၌ မှုတ်ဆေးဖြင့် ညစ်ညမ်းသောစာသားများ၊ ရုပ်ပုံများရေးဆွဲထားခြင်းများ ပြုလုပ်ထားကြောင်း သိရသည်။

ထိုသို့ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် ပညာသင်ကြားရေးလုပ်ငန်းများကို မနာလိုမရှုဆိတ်များဖြင့် ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ မိုးမိုးထွေး (ခ)မိုးငယ် (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် "Min Tha Khin" Facebook အကောင့်နှင့် ချမ်းမြသာစည်မြို့နယ် ကန်သာယာ ရပ်ကွက်နေ သူရစံ (၃၀)နှစ်သည် ၎င်းအသုံးပြုသည့် "သူရစံ" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်သည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦးတွေ့ရှိ၊ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၈၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၇၁၈,၇၈၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၁,၉၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၀,၃၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- **နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။**
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၉၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၈) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၀၀) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၁၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၆၇) ခု | (၃၃) ဦး |
| စုစုပေါင်း | (၁၃,၈၁၄) ခု | (၅၈) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၈၆၇၉၆၃ | ၆၅၈၄၁၂၇၈ | ၁၀၀၈၆၇၉ |
| ၂။ | အိန္ဒိယ | ၄၃၀၂၉၈၃၉ | ၄၂၄၉၆၃၆၉ | ၅၂၁၄၄၆ |
| ၃။ | ဘရာဇီး | ၃၀၀၁၂၇၉၈ | ၂၈၈၃၄၄၈၆ | ၆၆၀၃၈၁ |
| ၄။ | ပြင်သစ် | ၂၆၀၂၅၅၀၀ | ၂၃၆၁၅၇၉၂ | ၁၄၂၆၅၅ |
| ၅။ | ဂျာမနီ | ၂၁၇၆၉၀၂၆ | ၁၇၄၀၇၇၀၀ | ၁၃၀၇၁၃ |
| ၆။ | ဗြိတိန် | ၂၁၃၅၉၆၈၁ | ၁၉၂၆၂၈၇၁ | ၁၆၅၇၈၀ |
| ၇။ | ရုရှား | ၁၇၉၂၆၁၀၄ | ၁၇၀၃၅၃၃၆ | ၃၇၀၃၁၁ |
| ၈။ | တူရကီ | ၁၄၉၀၇၃၇၈ | ၁၄၅၈၄၄၇၉ | ၉၈၁၉၇ |
| ၉။ | အီတလီ | ၁၄၈၇၇၁၄၄ | ၁၃၄၄၂၉၃၀ | ၁၅၉၉၀၉ |
| ၁၀။ | တောင်ကိုရီးယား | ၁၄၂၆၇၄၀၁ | စိစစ်ဆဲ | ၁၇၆၆၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၉၉၂၂၀၄၀ | ၈၁၄၇၂၉၀ | ၄၂၆၈၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၂၃၉၂၄ | ၅၇၈၃၂၉၉ | ၁၅၅၄၂၁ |
| ၃။ | မလေးရှား | ၄၂၅၆၄၆၉ | ၄၀၄၁၇၂၃ | ၃၅၁၂၇ |
| ၄။ | ထိုင်း | ၃၇၅၇၅၇၅ | ၃၄၈၁၈၂၇ | ၂၅၆၀၆ |
| ၅။ | ဖိလစ်ပိုင် | ၃၆၇၉၉၈၃ | ၃၅၈၆၉၈၄ | ၅၉၃၇၀ |
| ၆။ | စင်ကာပူ | ၁၁၁၃၀၇၈ | ၁၀၄၂၀၈၇ | ၁၂၈၃ |
| ၇။ | မြန်မာ | ၆၁၁၉၈၄ | ၅၉၀၃၅၈ | ၁၉၄၃၃ |
| ၈။ | လာအို | ၁၈၆၈၇၀ | ၁၅၁၁၆၃ | ၆၈၂ |
| ၉။ | ဘရူနိုင်း | ၁၃၆၈၂၁ | ၁၃၃၄၉၄ | ၂၁၄ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၅၈၁၂ | ၁၃၂၃၂၈ | ၃၀၅၅ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း Disposable Mask သုံးတန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၅

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Blood Collection SET အခု ၂၇၁၆၀၀ နှင့် ဆေးဝါးမျိုးစုံ ၂၄ မျိုး စုစုပေါင်း ၅၁၁၀၁ ဒသမ ၈၉ ကီလိုဂရမ်၊ နယ်စပ် (လွယ်ဂျယ်)တွင် နှာခေါင်းစည်း ၃၃၇၂ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅ /၂၀၂၂)
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသောချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းကိုးဆယ့်နှစ်သိန်းထက်မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

( ခ ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ဂ ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( င ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

( ခ ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဇယား(၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

( ခ ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်ဆောင်ရွက်ကြရမည်။

( ဂ ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉)နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

**အပိုင်း ၄**

**အရေးပေါ်ရန်ပုံငွေ**

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၂၁ /၂၀၂၂)
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉) ရပ်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၃.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁၃.၅ ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း လျော့နည်းရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၃.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၂.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၃.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၉ ရာခိုင်နှုန်းမှ ၂၂.၇ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၁ ရာခိုင်နှုန်းမှ ၃၇.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၀.၀ ရာခိုင်နှုန်းမှ ၃၉.၉ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၇,၉၈၄.၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၅၀၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၄,၀၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၀၅၂,၅၂၈ မှ ကျပ် ၂,၂၂၂,၂၃၀ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသော စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့်

**စာမျက်နှာ ၁၈ သို့** ☆

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်
## ကျွန်း/သစ်မာ လျာထားထုတ်လုပ်မှု (၁)နှစ်ရပ်နားကြောင်း
## အသိပေးကြေညာချက်
## ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်

နိုင်ငံပိုင်သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး ဦးတည်လျက် ၂၀၂၁-၂၀၂၂ ခုနှစ်၊ (၆) လ ဘဏ္ဍာနှစ်ကာလတွင် သစ်ထုတ်လုပ်မှု ရပ်နားခဲ့ပြီး၊ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း ကျွန်း/သစ်မာ လျာထားထုတ်လုပ်မှုအား ထပ်မံ၍ (၁)နှစ် ရပ်နားလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့သစ်လုပ်ငန်း**



## ခရစ္စတယ်ပဲလေ့အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အာဆင်နယ်အသင်း အဆင့်(၄)နေရာ တက်လှမ်းမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရ

ခရစ္စတယ်ပဲလေ့အသင်းနဲ့ အာဆင်နယ်အသင်းတို့ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၀)မှာ ခရစ္စတယ်ပဲလေ့အသင်းက အာဆင်နယ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၄)နေရာ တက်လှမ်းမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့အသင်းအတွက်သွင်းဂိုးတွေကို ပွဲကစားချိန် ၁၆ မိနစ်မှာ မာတီတာကတစ်ဂိုး၊ ပွဲကစားချိန် ၂၄ မိနစ်မှာ ဂျော်ဒန်ပီယာရီအေယူကတစ်ဂိုးနဲ့ ပွဲကစားချိန် ၇၄ မိနစ်မှာ ဇာဟာက ပင်နယ်တီကနေတစ်ဆင့် တစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့အသင်းနဲ့အတူ အခု ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မာတီတာဟာ အခုနှစ်ဘောလုံးရာသီမှာ ခရစ္စတယ်ပဲလေ့အသင်းအတွက် လေးဂိုးမြောက်သွင်းဂိုး သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ် အဆင့်(၄)နေရာက စပါးအသင်းကို ကျော်ဖြတ်ကာ အဆင့်(၄)နေရာသို့ တက်လှမ်းခွင့်ရရှိရေး မျှော်လင့်ထားတာဖြစ်ပေမယ့် လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၅၄ မှတ် ရရှိထားပြီး အဆင့်(၄)နေရာက စပါးအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့ အသင်းကတော့ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၂ ခုနှစ်အတွင်း အိမ်ကွင်းပထမဆုံး နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့်(၉)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**✻ မြန်မာ့လက်ရွေးစင်မှ**

ရယူနိုင်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အလားအလာကောင်းသွားပြီ ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဩစတြေးလျကို ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၃၂ မိနစ်တွင် သိုင်းဘွဲ့အောင်၊ ၁၆၊ ၂၅ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၂၄ မိနစ်တွင် ဟိန်းမင်းစိုးတို့က သွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ၂၇ မိနစ်တွင် ဩစတြေးလျအသင်းက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) တွင် မြန်မာနှင့် ဗီယက်နမ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်စီ၊ ဩစတြေးလျက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ဧပြီ ၆ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဗီယက်နမ်နှင့် ဩစတြေးလျ၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်ပြီး ဂိုးပြတ်အနိုင်ရပါက အုပ်စုပထမနေရာကိုပင် ရယူနိုင်ဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက်
## ၂၀၂၂ ခုနှစ်၊ ဧပြီလ (၆)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ (၂၂)ရက်မှ (၂၈)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## "ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၄၃)၊ ဒုတိယထပ်နေ ဒေါ်ဇင်မာ[၁၂/ကတတ(နိုင်)၀၂၈၅၈၆]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာနှင့် ဦးခင်မောင်မြင့်(ခ)ကိုသားကြီး[၁၂/တမန(နိုင်)၀၉၃၈၁၀၉]တို့သည် (၂-၁၂-၂၀၁၂)ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခဲ့ပါသည်။ သို့ရာတွင် ဦးခင်မောင်မြင့်(ခ)ကိုသားကြီးသည် ဇနီးဖြစ်သူ ဒေါ်ဇင်မာအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ပြုမူဆောင်ရွက်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ထွက်ခွာသွားခဲ့ပါသည်။

ထို့ကြောင့် ဦးခင်မောင်မြင့်(ခ)ကိုသားကြီးနှင့်ပတ်သက်သော မည်သည့်ကိစ္စ အဝဝမှန်သမျှကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း၊ ခင်ပွန်းအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ပါ၍ ဦးခင်မောင်မြင့်(ခ)ကိုသားကြီးနှင့်ပတ်သက်၍ နောက်နောင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာ မိသားစု၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ရည်ရွယ်၍ လူမှုကွန်ရက် Facebook တွင် တင်ခြင်း၊ နေအိမ်သို့ လာရောက်စုံစမ်းခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ အိမ်ပရဝဏ်အတွင်းသို့ ဝင်ရောက်ခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မာမာသိန်း (LL.B) | ဒေါ်နှင်းသီတာဖြိုး (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀/၂၀၁၆) |

အမှတ်-၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၅၀၆၄၉၅၉၊ ၀၉-၇၇၉၀၉၄၃၃၅

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ချင်းပြည်နယ်ရုံး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်နယ်ရုံးရှေ့ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ(၂)အဝင်အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း၊ ပြည်နယ်ရုံးခြံစည်းရိုးအုတ်တံတိုင်းပေါ်တွင် Chain Link တပ်ဆင်ခြင်းလုပ်ငန်း၊ (၂)ခန်းတွဲ အရာရှိအိမ်ရာရှေ့နှင့် ညာဘက်ခြံစည်းရိုးပေါ်တွင် Chain Link တပ်ဆင်ခြင်းလုပ်ငန်းနှင့် (၂)ခန်းတွဲ အရာရှိအိမ်ရာမှ (၆)ခန်းတွဲ လူပျိုဆောင်အထိ ဘေးတစ်ဖက်အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂၈-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံး၊ တလန်ဟာရောန်လမ်း(မီးသတ်ကုန်းလမ်း)၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့။

၂။ အသေးစိတ်အချက်အလက်များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံး ဖုန်းအမှတ်-၀၇၀-၂၀၂၁၃၉၈၊ ၀၉-၄၄၈၅၄၅၃၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖလမ်းမြို့ (၄) ခန်းတွဲ (၂)ထပ် အဆောက်အဦ၏ လက်ကျန်(၅၀%) အား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - (၄-၄-၂၀၂၂) ရက် |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန် | - (၃-၅-၂၀၂၂) ရက် ညနေ (၄:၃၀) နာရီ |
| တင်ဒါရွေးချယ်မည့်ရက်၊အချိန် | - ထပ်မံကြေညာပါမည်။ |
| တင်ဒါရောင်းချတင်သွင်းရမည့်နေရာ | - ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။ မြို့နယ်ဦးစီးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဖလမ်းမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ဤဦးစီးဌာနရုံး ဖုန်း-(၀၇၀-၂၂၄၂၀) (၀၉-၂၅၁၁၈၂၁၂၁) သို့ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၅**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင်မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှုပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်းထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍ အချပ်ပိုကို ဧပြီ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၀ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၂၀၈။ | အနန္တောအနန္တငါးပါးကိုဦးထိပ်ထားပြီး အစ်မဒေါ်ခင်မူမူ၊ ဗိုလ်ချုပ် သရေစည်သူမြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သဇင်ခိုင်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၂၀၉။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် နှင့်ဇနီး ဒေါ်ပန်းအိဖြူသာမိသားစု (ကျောက်စာရုံစေတီ ၁ ဆူဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၂၁၀။ | သီရိပျံချီဗိုလ်မှူးကြီးဇော်မင်း (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မိမိမိသားစု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၂၁၁။ | စစ်တက္ကသိုလ်အမှတ်စဉ် (၁၅)ကျောင်းဆင်းအရာရှိမိသားစုများ (ကျောက်စာရုံစေတီ ၁ ဆူဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၇၅၀၀၀၀၀ |
| ၂၂၁၂။ | အောင်မြင့်မိုရ်မင်းအာမခံ ကုမ္ပဏီလီမိတက် (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၂၁၃။ | အနန္တောအနန္တငါးပါးအား ဦးထိပ်ထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ချိုချိုမြင့် မိသားစု (ကျောက်စာရုံစေတီ ၁ ဆူပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၂၁၄။ | မြန်မာနိုင်ငံကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်း (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၂၁၅။ | ဦးရွှေလေး(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် အရာထမ်း/အမှုထမ်းမိသားစုများ (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၂၁၆။ | အရာခံဗိုလ်ညိုဝင်း နှင့်ဇနီး ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၂၁၇။ | တပ်မတော်အထည်ချုပ်စက်ရုံ (မင်္ဂလာဒုံ)(ဝါယာလက်)ချုပ်လုပ်ငန်း(၁၀)မှ တာဝန်ခံနှင့်ဝန်ထမ်းများ | ရန်ကုန်မြို့ | ၈၆၀၀၀ |
| ၂၂၁၈။ | ဒေါ်သီရိဖူးငုံ | ရန်ကုန်မြို့ | ၁၅၀၀၀ |
| ၂၂၁၉။ | ဒေါ်လှမြင့် | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၂၂၀။ | ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်မောလီ၏ (၇၁)နှစ်ပြည့်မွေးနေ့အလှူ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၂၂၁။ | ဒေါ်ကြည်စိန် | လှိုင်ကော်မြို့ | ၅၀၀၀၀၀ |
| ၂၂၂၂။ | ဗိုလ်ကြီးအောင်ကိုဟန်အား ရည်စူး၍ ဒေါ်မွန်မွန်စန်းမိသားစု | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၂၂၃။ | ဒေါ်ဖြူဖြူမြင့် | လားရှိုးမြို့ | ၂၀၀၀၀၀ |
| ၂၂၂၄။ | ဒေါ်ချောချောဝင့် (သား)မောင်အေးကျော်မျိုး၊ (သမီး)မခင်အေပရယ်မျိုး (သားငယ်)မောင်ဖြိုးကျော်မျိုးမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၂၂၅။ | ဦးဝင်းထွန်းနှင့် ညီမ ဒေါ်အေးသွယ်မိသားစု | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၂၂၂၆။ | ဗိုလ်မှူးကြီးဇော်လတ်ဦး နှင့်ဇနီး ဒေါ်မြသီတာစိုးမိသားစု | သပိတ်ကျင်းမြို့ | ၂၀၀၀၀၀ |
| ၂၂၂၇။ | ကွယ်လွန်သူ (ဦးဘသန်း)အား ရည်စူး၍ ဒေါ်ခင်စိန်သားသမီးမြေးတစ်စု | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၂၂၈။ | ဗိုလ်မှူးညီစန်း(ငြိမ်း) နှင့်ဇနီး ဗိုလ်မှူးဒေါ်ဝင်းစိန်(ငြိမ်း)မိသားစု | ရန်ကုန်မြို့ | ၂၄၀၀၀၀ |
| ၂၂၂၉။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းမိသားစု (လမ်းမီးတိုင်-၄ တိုင်လှူဒါန်း) | နေပြည်တော် | ၄၀၀၀၀၀၀ |
| ၂၂၃၀။ | ဒေါက်တာမွန်မွန် | မန္တလေးမြို့ | ၅၀၀၀၀၀ |
| ၂၂၃၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုထွန်းလင်းအောင်နှင့်ဇနီး ဒေါ်ခိုင်ပြည့်ပြည့်မွန်မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၂၃၂။ | ဦးတောင်လုံးနှင့်ဇနီး ဒေါ်စာမိသားစုကောင်းမှု | မင်းတုန်းမြို့ | ၂၀၀၀၀၀ |
| ၂၂၃၃။ | ဦးအောင်ကျော်သန်းနှင့်ဇနီး ဒေါ်မာမာလွင်(သမီး)မအင်ကြင်းခိုင်မိသားစု | နေပြည်တော် | ၂၀၀၀၀၀ |
| ၂၂၃၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးစိန်မိုး(ငြိမ်း)နှင့်ဇနီး ဒေါ်သိန်းသိန်းဦး မိသားစုကောင်းမှု | တောင်ငူမြို့ | ၅၁၀၀၀၀ |
| ၂၂၃၅။ | ဒေါ်လှဝင်း | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၂၃၆။ | ဗိုလ်ကြီးမောင်သောင်း(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်မြင့်(သမီး)ဒေါ်ခင်ခင်သက် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၂၃၇။ | ဒေါ်ရီရီဝင်း | ရန်ကုန်မြို့ | ၂၅၀၀၀ |
| ၂၂၃၈။ | တပ်သား သက်ပိုင်ဦး | ထားဝယ်မြို့ | ၂၀၀၀၀ |
| ၂၂၃၉။ | ဗိုလ်ကြီးရဲလင်းထွန်း | တောင်ငူမြို့ | ၁၀၀၀၀ |
| ၂၂၄၀။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမောင်မောင်လေးနှင့်ဇနီး ဒေါ်အေးအေးမြင့်မိသားစု | ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၂၂၄၁။ | ဒေါ်စန်းစန်းတင့် | မြိုင်ကလေးမြို့ | ၁၀၀၀၀ |
| ၂၂၄၂။ | ဒုအရာခံဗိုလ်တင်အောင် နှင့်ဇနီး ဒေါ်သန်းဟန် | မြစ်ကြီးနားမြို့ | ၂၀၀၀၀၀ |
| ၂၂၄၃။ | ဒေါ်မြင့်ကြည် | နေပြည်တော် | ၅၀၀၀၀၀ |

## ဦးမောင်မောင်မြင့်
## အသက်(၇၇)နှစ်

ပေါင်းတည်မြို့နေ (ဦးမောင်လှ-ဒေါ်တင်တင်လှ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ဆိုင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၃၁)နေ ဒေါ်ချိုချို၏ခင်ပွန်း၊ ဦးကျော်ထွန်းဦး-ဒေါ်နှင်းနွယ်အေး၊ ဦးဉာဏ်ဖြိုးထွန်း- ဒေါ်သင်းရတနာအောင်၊ ဒေါ်ချိုကြည်ဇာသင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၄-၄-၂၀၂၂ (တနင်္လာနေ့) ညနေ ၆:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဒေါ်သီတာအောင်[၁၂/အစန(နိုင်)၁၅၆၆၂၉]၊ အဖအမည်၊ ဦးသိန်းမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၇၄၅)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၈/၂၀၂၂ (၅-၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကြည်လင်း[၇/ရတရ(နိုင်)၀၅၅၁၃၇]၊ အဖအမည် ဦးအောင်ဖေမှ ဒေါ်ကေသွယ်ညို [၉/မတရ(နိုင်)၀၉၈၅၁၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ဦးစိုးမြင့်ဟန်
### (ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီ)
### (အာရှမြန်မာဆောက်လုပ်ရေးကုမ္ပဏီ)နှင့်
### (ကျားမင်းစီးပွားရေးလုပ်ငန်းစု)
## အသက်(၅၄)နှစ်

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်နေ ဦးဝင်းလွင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ရှိန်တို့၏သား၊ ဦးမြင့်လွင်-ဒေါ်လှသောင်း(အာရုံဦး ဆန်ပွဲရုံ)တို့၏သားသမက်၊ ဦးမျိုးသန်းနိုင်-မနီလာ(ကျားမင်းစီးပွားရေးလုပ်ငန်းစု)တို့၏အစ်ကို၊ မောင်မျိုးသုတဟန်၊ မောင်မျိုးပြည့်စုံဟန်တို့၏ဦးကြီး၊ မန္တလေးမြို့၊ (၅၈)လမ်း၊ (၃၉)လမ်းနှင့်(C)ထောင့်နေ မဆွေဇင်မြင့်ဟန်၊ မရွှန်းလဲ့မြင့်ဟန်၊ မပြုံးမဉ္ဇူဟန်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နန်းဝေဝေခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၄-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၂ (စနေနေ့) နံနက် ၁၀ နာရီတွင် (၅၈)လမ်းနှင့် (၃၉)လမ်း၊ (C)ထောင့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်ဟန်
### (ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီ)
### (အာရှမြန်မာဆောက်လုပ်ရေးကုမ္ပဏီ)နှင့်
### (ကျားမင်းစီးပွားရေးလုပ်ငန်းစု)
## အသက်(၅၄)နှစ်

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်နေ ဦးဝင်းလွင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ရှိန်တို့၏သား၊ ဦးမြင့်လွင်-ဒေါ်လှသောင်း(အာရုံဦး ဆန်ပွဲရုံ)တို့၏သားသမက်၊ ဦးမျိုးသန်းနိုင်-မနီလာ(ကျားမင်းစီးပွားရေးလုပ်ငန်းစု)တို့၏အစ်ကို၊ မောင်မျိုးသုတဟန်၊ မောင်မျိုးပြည့်စုံဟန်တို့၏ ဦးကြီး၊ မန္တလေးမြို့၊ (၅၈)လမ်း၊ (၃၉)လမ်းနှင့် (C)ထောင့်နေ မဆွေဇင်မြင့်ဟန်၊ မရွှန်းလဲ့မြင့်ဟန်၊ မပြုံးမဉ္ဇူဟန်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နန်းဝေဝေခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၄-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်၊ ဝါတန်းလမ်း၊ ကျားမင်းပွဲရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## အင်န် ၄၆၁ ဗိုလ်ကြီး ဒေါ်တင်အောင်(ငြိမ်း)
**အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(မင်္ဂလာဒုံ)**
## အသက်(၆၂)နှစ်

ချစ်လှစွာသော သူငယ်ချင်း "ဂိုး" ၂-၄-၂၀၂၂ ရက် ၁၃:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်း ကောင်းမြတ်ရာသုဂတိဘုံတွင် ငြိမ်းအေးချမ်းသာစွာရှိပါစေ။

**စစ်သူနာပြုအရာရှိလောင်းသင်တန်း**
**အမှတ်စဉ်(၁၃)မှ**
**ချစ်သူငယ်ချင်းများ**

သင့်
သွေးဖြင့်
အသက် ကယ်ပါ

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးမောင်မောင်လေး(ညွှန်ကြားရေးမှူး-ငြိမ်း၊ FERD)
**မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဘဏ္ဍာထိန်းဟောင်း**
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မင်းဒင်(၅)လမ်း၊ တိုက်(၅၃/၁)နေ (ဦးချန်- ဒေါ်မမလေး)တို့၏သား၊ ဒေါ်တိုးတိုးဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုသက်နိုင်ဦး)၊ ကိုသက်နိုင်စိုး-မလင်းလင်းမိုးတို့၏ဖခင်၊ ဂလိုရီပိုင်စိုးလင်း၏ဘိုးဘိုးကြီး၊ မသက်မင်းအေး၊ ကိုအေးသက်ထွန်းတို့၏ ဘကြီးသည် ၅-၄-၂၀၂၂ ရက် နံနက် ၇:၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၄-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံရေဝေးသုသာန်၌ ဂူသွင်းအပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်သက်
### ညွှန်ကြားရေးမှူး
### ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၃)လမ်း၊ အမှတ်(၁၄)နေ (ဦးကျော်ဝင်း)-ဒေါ်တိုးတိုးစိန်တို့၏သားကြီး၊ ကိုဝေဖြိုးအောင်-မစုစုဝင်း၊ ကိုထူးဝေအောင်-မစုစုမြင့်တို့၏အစ်ကို၊ မောင်အောင်ပညာဖြိုး၏ ဘကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးမြောက်ရွာ၊ သံလွင်လမ်းနေ ဦးမျိုးသန့်-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ မောင်ဘုန်းသန့်ပိုင်စိုး၊ မောင်အောင်ဘုန်းပြည့်တို့၏ဖခင်၊ ဒေါ်စံထားဖြူ၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်သက် (ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၄-၄-၂၀၂၂ ရက် ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သက်(ညွှန်ကြားရေးမှူး)
**ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
## အသက်(၄၅)နှစ်

ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသော ဦးကျော်သက်သည် ၄-၄-၂၀၂၂ (တနင်္လာနေ့) ညနေ ၆:၀၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**
**ပြည်ထဲရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သက်
### ညွှန်ကြားရေးမှူး
### ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၃)လမ်း၊ အမှတ်(၁၄)နေ (ဦးကျော်ဝင်း)-ဒေါ်တိုးတိုးစိန်တို့၏သားကြီး ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်သက် (ညွှန်ကြားရေးမှူး)သည် ၄-၄-၂၀၂၂ ရက် ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့်ဇနီး**
**တိုင်း/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ**
**ပဲခူးတိုင်းဒေသကြီး**

### "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဖြိုးလွင်[၇/တငန(နိုင်)၁၄၂၉၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၄)၊ အမှတ်(၈၅၃)ရှိ တတိယထပ်(၄-လွှာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂.၅ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်သူသူအောင်ထံမှ ယခုအပိုင်ရောင်းချသူ ကိုမြတ်ထွန်းမှ (၂၀၂၁)ခုနှစ် ကတည်းက ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား အခြားသူ တစ်ဦးတစ်ယောက်ထံတွင် ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးထိန်ဖြိုးလွင်ထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းချငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ယခုရောင်းချသူ ကိုမြတ်ထွန်းထံ ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၇၉)**
**တိုက်(၅၂)၊ အခန်း(၇)၊ မင်းဒင်လမ်းသွယ်(၅)လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၈၂၄၁၁**

### ကန့်ကွက်နိုင်ပါသည်


**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ တောင်ဇလပ်လမ်း၊ မြေကွက်အမှတ်(၃၇၈)၊** အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အား အမည်ပေါက် ဦးဟန်မြင့်(ISN-၅၀၀၂၃၇)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ညိုမာမြင့်[၁၂/မရက(နိုင်)၀၈၅၀၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၄၅၃၂၀**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။






**အား က စား မြင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ကို မွေးမြူကြပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာ အမြန်ဆုံးတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားရေးနှင့် လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေးဆောင်ရွက်နေမှုအပေါ် ပျက်စီးရာပျက်စီးကြောင်း စိတ်ဓာတ်ဖြင့် PDF အမည်ခံအကြမ်းဖက်သမားများက အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၅**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအခြေခံကျသောပညာရေးကဏ္ဍ မြင့်မားရေးနှင့် လူငယ်လူရွယ်များ၏အနာဂတ်ဘဝ သာယာလှပစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကြိုးပမ်းလျက်ရှိပြီး ကျောင်းသား၊ ဆရာ၊ မိဘတို့ကလည်း ကျရာအခန်းကဏ္ဍတို့တွင် ဝမ်းပန်းတသာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် အတန်းပညာရပ်များကို အောင်မြင်စွာ သင်ကြားနိုင်ခဲ့ပြီး အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရန် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျောင်းသား၊ ဆရာ၊ မိဘတို့၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားရေးနှင့် လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက ပျက်စီးရာပျက်စီးကြောင်း စိတ်ဓာတ်ဖြင့် မြို့နယ်အချို့ရှိ ပညာရေးအဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် စာမေးပွဲအဖြေလွှာများကို ဖျက်ဆီးခြင်းများ ပြုလုပ်သည့်အပြင် ပညာရေးဆိုင်ရာဝန်ထမ်းများကိုလည်း ရက်စက်စွာသတ်ဖြတ်ခြင်းများ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ■**



ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးရုံးခန်းနှင့် အခန်းအတွင်းရှိ စာရွက်စာတမ်းများအား အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဩစတြေးလျကို ဂိုးပြတ်သွင်း



**ရန်ကုန် မေ ၅**

၂၀၂၂ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၅ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာဖူဆယ်အသင်းက ဩစတြေးလျကို ဂိုးပြတ်သွင်းယူခဲ့သည်။

အုပ်စု (ခ) ဒုတိယနေ့တွင် မြန်မာအသင်းက ဩစတြေးလျကို ခြောက်ဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက တီမောကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန်အတွက် အရေးပါသည့် ဗီယက်နမ်၊ ဩစတြေးလျတို့နှင့်ပွဲများတွင် လေးမှတ်အထိ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻**


**ယနေ့ ဖတ်စရာ**

**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြို့နယ်ပညာရေးမှူးအား PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်** စာမျက်နှာ » ၁၁

---

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄၂ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၂

---

**ခရစ္စတယ်ပဲလေ့အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အာဆင်နယ်အသင်း အဆင့်(၄)နေရာတက်လှမ်းမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရ** စာမျက်နှာ » ၂၀